# သူငယ်ချင်းဆိုတာ ဘာလဲ

တစ်ယောက်တည်း နေရတာက ပျော်စရာကောင်းတာတွေလည်း ရှိပါတယ်။ ကစားချင်တာ ကစားလို့ရတယ်။ သူများကို အရုပ်တွေ ပေးကစားစရာ မလိုတော့သလို မုန့်လည်း ဝေစားစရာ မလိုပါဘူး။

ဒါပေမဲ့ တချို့အရာတွေက တစ်ယောက်တည်းဆိုရင် သိပ်ပျော်စရာ မကောင်းပါဘူး။




သူငယ်ချင်းတွေဆိုတာက အရာအားလုံးကို ဝေမျှလုပ်ဆောင်ကြပါတယ်။ ဘယ်လိုအရာတွေလဲဆိုတော့...




. . . အရုပ်တွေ




. . . ကစားနည်းတွေ




. . . စားစရာတွေ




. . . ခံစားချက်တွေ




. . . လျှို့ဝှက်ချက်တွေ






သူငယ်ချင်းတွေဟာ တူညီတဲ့အရာတွေကို လုပ်ဆောင်ရင်း ပျော်ရွှင်ကြတယ်။




သူငယ်ချင်းတွေဟာ တစ်ယောက်နဲ့ တစ်ယောက် တွေ့ခွင့်ရဖို့ စောင့်စားနေကြတာ




သူတို့ဟာ တစ်ယောက်ကို တစ်ယောက် ကူညီပေးပြီး တစ်ယောက် ပြောစကားကို တစ်ယောက် နားထောင်ပေး ကြတယ်။




သူတို့ဟာ တစ်ယောက်နဲ့တစ်ယောက် ချိုသာကောင်းမွန်တဲ့ စကားတွေ ပြောပေးကြတယ်။




တစ်ယောက်ကိုတစ်ယောက် ရယ်မောရအောင် လုပ်ပေးတယ်။



ဘာ့ သူတို့ဟာ တစ်ယောက်ကို တစ်ယောက် အရှိအတိုင်း သဘောကျကြတာ ဖြစ်ပါတယ်။

ဒါပေမဲ့ အဓိကအကျဆုံးကတော့ သူငယ်ချင်းတွေဟာ တစ်ယောက်ကိုတစ်ယောက် ပျော်ရွှင်အောင် လုပ်ပေးတာပါပဲ။ သူတို့က သားသားမီးမီးတို့အပေါ် ကောင်းပေးပြီး အတူတူ ကစားချင်တယ်ဆိုရင် ဘယ်လိုကလေးမျိုးမဆို မင်းတို့ရဲ့ သူငယ်ချင်း ဖြစ်နိုင်ပါတယ်။